| ၄၄။ | ဒေါ်ခင်စန္ဒာထွန်း<br>တ/၄၂၀၁ | ဒုတိယမြို့နယ်တရားသူကြီး<br>လှိုင်သာယာ (အနောက်ပိုင်း) |
| ၄၅။ | ဒေါ်ဂျီဘောမ်ညွယ်<br>တ/၄၂၀၂ | ဒုတိယမြို့နယ်တရားသူကြီး<br>မိုးကောင်း |
| ၄၆။ | ဒေါ်စည်းစိမ်မှူး<br>တ/၄၂၀၃ | ဒုတိယမြို့နယ်တရားသူကြီး<br>တောင်ကြီး |
| ၄၇။ | ဒေါ်အေးချမ်းသော်<br>တ/၄၂၀၄ | ဒုတိယမြို့နယ်တရားသူကြီး<br>ဘားအံ |
| ၄၈။ | ဒေါ်မြတ်သူဇာ<br>တ/၄၂၀၅ | ဒုတိယဦးစီးမှူး<br>ကချင်ပြည်နယ်တရားလွှတ်တော် |
| ၄၉။ | ဒေါ်ယဉ်ယဉ်ထွန်း<br>တ/၄၂၀၆ | ဒုတိယမြို့နယ်တရားသူကြီး<br>ရွှေပြည်သာ |
| ၅၀။ | ဒေါ်မြတ်ပန်းအိလှိုင်<br>တ/၄၂၀၇ | ဒုတိယမြို့နယ်တရားသူကြီး<br>မအူပင် |
| ၅၁။ | ဦးရဲဇော်အောင်<br>တ/၄၂၀၈ | ဒုတိယမြို့နယ်တရားသူကြီး<br>ကလော |
| ၅၂။ | ဒေါ်သိမ့်သဒ္ဒါသူ<br>တ/၄၂၀၉ | ဒုတိယဦးစီးမှူး<br>ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် |
| ၅၃။ | ဒေါ်နန္ဒာအောင်<br>တ/၄၂၁၀ | ဒုတိယမြို့နယ်တရားသူကြီး<br>တောင်ကြီး |
| ၅၄။ | ဒေါ်သိမ့်မှူးခင်<br>တ/၄၂၁၁ | ဒုတိယဦးစီးမှူး<br>တောင်ငူခရိုင် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၅၅။ | ဒေါ်အေးသိင်္ဂီအောင်<br>တ/၄၂၁၂ | ဒုတိယမြို့နယ်တရားသူကြီး<br>ချမ်းမြသာစည် |
| ၅၆။ | ဒေါ်စုလေးနွယ်<br>တ/၄၂၁၃ | ဒုတိယမြို့နယ်တရားသူကြီး<br>တောင်ကြီး |
| ၅၇။ | ဒေါ်အေးချမ်းမိုး<br>တ/၄၂၁၄ | ဒုတိယမြို့နယ်တရားသူကြီး<br>ခရမ်း |
| ၅၈။ | ဒေါ်စုနန္ဒာထွန်း<br>တ/၄၂၁၅ | ဒုတိယမြို့နယ်တရားသူကြီး<br>ကော့မှူး |
| ၅၉။ | ဒေါ်သီရိကျော်<br>တ/၄၂၁၆ | ဒုတိယမြို့နယ်တရားသူကြီး<br>ပေါင်းတည် |
| ၆၀။ | ဒေါ်အင်ကြင်းမြတ်<br>တ/၄၂၁၇ | ဒုတိယမြို့နယ်တရားသူကြီး<br>ပြင်ဦးလွင် |
| ၆၁။ | ဒေါ်လွင်လွင်ဦး<br>တ/၄၂၁၈ | ဒုတိယမြို့နယ်တရားသူကြီး<br>အမရပူရ |
| ၆၂။ | ဒေါ်ဆိုင်းလုအောင်<br>တ/၄၂၁၉ | ဒုတိယမြို့နယ်တရားသူကြီး<br>မြစ်ကြီးနား |
| ၆၃။ | ဒေါ်အိမေကျော်<br>တ/၄၂၂၀ | ဒုတိယမြို့နယ်တရားသူကြီး<br>မကွေး |
| ၆၄။ | ဒေါ်ပြည့်ဖြိုးသော်<br>တ/၄၂၂၁ | ဒုတိယမြို့နယ်တရားသူကြီး<br>ပြင်ဦးလွင် |
| ၆၅။ | ဒေါ်ကောင်းကောင်းထက်<br>တ/၄၂၂၂ | ဒုတိယမြို့နယ်တရားသူကြီး<br>မှော်ဘီ |
| ၆၆။ | ဒေါ်ကေသီကျော်<br>တ/၄၂၂၃ | ဒုတိယဦးစီးမှူး<br>ကချင်ပြည်နယ်တရားလွှတ်တော် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၆၇။ | ဦးဖြိုးမင်းထက် တ/၄၂၄ | ဒုတိယမြို့နယ်တရားသူကြီး လပွတ္တာ |
| ၆၈။ | ဦးအောင်ကောင်းမြတ် တ/၄၂၅ | ဒုတိယမြို့နယ်တရားသူကြီး ရမည်းသင်း |
| ၆၉။ | ဦးထက်ဦးလိှုင် တ/၄၂၆ | ဒုတိယဦးစီးမှူး တောင်ငူခရိုင် |
| ၇၀။ | ဒေါ်ချောချောချစ် တ/၄၂၇ | ဒုတိယမြို့နယ်တရားသူကြီး ကျိုက်မရော |
| ၇၁။ | ဒေါ်ရွှေယမင်းဦး တ/၄၂၈ | ဒုတိယမြို့နယ်တရားသူကြီး သုံးခွ |
| ၇၂။ | ဒေါ်သွန်းဇကရီမင်း တ/၄၂၉ | ဒုတိယမြို့နယ်တရားသူကြီး ဇေယျာသီရိ |
| ၇၃။ | ဦးဝင်းသန့်ဦး တ/၄၃၀ | ဒုတိယဦးစီးမှူး မဟာအောင်မြေခရိုင် |
| ၇၄။ | ဒေါ်မေသူအောင် တ/၄၃၁ | ဒုတိယမြို့နယ်တရားသူကြီး တောင်ဥက္ကလာပ |
| ၇၅။ | ဒေါ်ဖြူဖြူကို တ/၄၃၂ | ဒုတိယမြို့နယ်တရားသူကြီး ဝေါ |
| ၇၆။ | ဒေါ်ဖြိုးရတနာမိုး တ/၄၃၃ | ဒုတိယမြို့နယ်တရားသူကြီး လယ်ဝေး |
| ၇၇။ | ဒေါ်မေမြတ်မွန် တ/၄၃၄ | ဒုတိယမြို့နယ်တရားသူကြီး ထန်းတပင် (ရန်ကုန်) |
| ၇၈။ | ဦးရဲထက်အောင် တ/၄၃၅ | ဒုတိယမြို့နယ်တရားသူကြီး မော်လမြိုင်ကျွန်း |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ချထားသည့် မြို့နယ်တရားရုံး |
|---|---|---|
| ၇၉။ | ဒေါ်စုမြတ်နိုး<br>တ/၄၂၃၆ | ဒုတိယမြို့နယ်တရားသူကြီး<br>ဒလ |
| ၈၀။ | ဦးဟိန်းသန့်ဇင်ထွန်း<br>တ/၄၂၃၇ | ဒုတိယမြို့နယ်တရားသူကြီး<br>တပ်ကုန်း |
| ၈၁။ | ဦးထက်အောင်ရှိုင်း<br>တ/၄၂၃၈ | ဒုတိယမြို့နယ်တရားသူကြီး<br>ဆိပ်ကြီးခနောင်တို |

၂။ အထက်ပါ ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်တရားသူကြီးများသည် သာမန်အားဖြင့် တတိယတန်းရာဇဝတ်အာဏာကို အနည်းဆုံးခြောက်လကြာအောင် သုံးစွဲဆောင်ရွက်ပြီးမှသာ ၎င်းတို့အား ဒုတိယတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ထပ်ဆင့်အာဏာများကို အပ်နှင်းမည်ဖြစ်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၆၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မုံရွာမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးကျော်သီဟ (တ/၃၆၉၄) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့်ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၈၅/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသုထက်နောင်<br>တ/ ၃၉၉၀ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကွန်ဟိန်း<br>ရှမ်းပြည်နယ် |
| ၂။ | ဦးခန့်စည်သူ<br>တ/ ၄၀၀၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုးနဲ<br>ရှမ်းပြည်နယ် |
| ၃။ | ဦးကျော်ဇင်ထက်<br>တ/ ၄၀၂၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းယောင်း<br>ရှမ်းပြည်နယ် |
| ၄။ | ဦးဇော်ထက်အောင်<br>တ/ ၄၀၃၅ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းယန်း<br>ရှမ်းပြည်နယ် |
| ၅။ | ဦးကျော်ထွဋ်<br>တ/၄၀၃၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>မက်မန်း<br>ရှမ်းပြည်နယ် |
| ၆။ | ဦးရဲသူ<br>တ/၄၀၃၇ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းခတ်<br>ရှမ်းပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၇။ | ဦးရဲထက်ဇော်<br>တ/၄၀၄၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းတုံ<br>ရှမ်းပြည်နယ် |
| ၈။ | ဦးမြတ်ဘုန်းမြင့်<br>တ/၄၀၄၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းကိုင်<br>ရှမ်းပြည်နယ် |
| ၉။ | ဦးအံ့ခိုင်စိုး<br>တ/၄၀၄၈ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းဖြတ်<br>ရှမ်းပြည်နယ် |
| ၁၀။ | ဦးသီဟန်ထက်<br>တ/၄၀၅၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>လင်းခေး<br>ရှမ်းပြည်နယ် |
| ၁၁။ | ဦးသော်ဇင်ထက်<br>တ/၄၀၅၂ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းပန်<br>ရှမ်းပြည်နယ် |
| ၁၂။ | ဦးလွင်မိုးအောင်<br>တ/၄၀၅၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကျေးသီး<br>ရှမ်းပြည်နယ် |
| ၁၃။ | ဦးကျော်ဆုသိမ်း<br>တ/၄၀၅၈ | (မြို့နယ်တရားသူကြီးတာဝန်)<br>မောက်မယ်<br>ရှမ်းပြည်နယ် |
| ၁၄။ | ဦးဟိန်းမင်းမင်း<br>တ/၄၀၆၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>လဲချား<br>ရှမ်းပြည်နယ် |

သာဓွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) ဦးရောင်နီငြိမ်းချမ်း (တ/၄၀၆၄) အား ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်တရားရုံးနှင့် နောင်မွန်းမြို့နယ်တရားရုံးတို့တွင် ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဒွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၉၁/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးစိုးမိုးနိုင်<br>တ/၃၄၂၂ | ပေါင်<br>မွန်ပြည်နယ် |
| ၂။ | ဦးဇာနည်ထက်အောင်<br>တ/ ၃၄၃၁ | ရေစကြို<br>မကွေးတိုင်းဒေသကြီး |

သာဒွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးအုံ့မော် တ/၃၈၃၁ | ရွှေတောင် ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးပြည့်ဖြိုးပိုင် တ/ ၃၈၇၀ | မတ္တရာ မန္တလေးတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၁၄/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တိုက်ကြီးခရိုင်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မြတ် (တ/၃၈၀၁) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Myanmar Stamp Act ကို ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေသည် မူလစာမူနှင့် အလားတူအာဏာတည်ရမည်။

ဒေါက်တာ သီတာဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၅/ ၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်ရွှေ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၆/ ၂၀၂၅)**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးထင်ပေါ် အား လုပ်ငန်းလိုအပ်ချက်အရ ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့သို့ တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၁/ ၂၀၂၅)

၁။ ၄-၄-၂၀၂၅ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး၊ တောင်ကြီးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးမိုးပိုင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း ၈၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၉-၄-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၈-၈-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၂/ ၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ ပုံဆွဲ-၁/ အငယ်တန်းအင်ဂျင်နီယာ-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးအောင်မိုးကျော်နှင့် ဦးအောင်သိန်းဝင်း တို့ (၂) ဦးအား လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၅/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်စုမြတ်နှင်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၇/ ၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမြင့်နိုင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော အထွေထွေမန်နေဂျာ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၅/ ၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ လ ၂၁၇၉၄၁ ရဲအုပ် ကျော်မင်းထွန်း အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၈၂၇ အဖြစ် သတ်မှတ်ကာ အမှတ် (၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၆/ ၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၈၃၄၀ ရဲအုပ် နိုင်လင်း အား မူလရာထူးအဆင့်ဖြစ်သော ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၂၇/ ၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးဌာနမှ ဌာနမှူး ရဲ ၁၈၃၃ ယာယီရဲမှူးကြီး ကောင်းဇေယျာ အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၂၈/ ၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၂၉၈၈ ယာယီရဲမှူးကြီး မြင့်စိုး အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၃၅/ ၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် တွဲဖက်ထားသော ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲ ၃၇၆၁ ရဲမှူးကြီး သန့်ဇင် အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး) အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၃၃၆/ ၂၀၂၅)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ ညွှန်ကြားရေးမှူး (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ဦးအောင်မြင့်စိုး (ပ/ ၅၃၆၅) ဟားခါးခရိုင်
ဟသ်ာတခရိုင်

(၂) ဦးလှိုင်ထွန်း (ပ/ ၅၃၇၃) ဟသ်ာတခရိုင်
မွန်ပြည်နယ်

## အမိန့်ကြော်ငြာစာအမှတ် (၃၃၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၂၄ (၁)၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၄(၃) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အောက်ဖော်ပြပါ ယစ်မျိုး လိုင်စင်များကို ယှဉ်တွဲဖော်ပြပါနှုန်းထားများအတိုင်း ကောက်ခံရန် ပြင်ဆင်သတ်မှတ်လိုက်သည်-

### ပြင်ဆင်သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားများ

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်မည့် နှုန်းထား (ကျပ်) |
|---|---|---|---|---|
| ၁ | CFL-2A | ထန်းရည်၊ ဓနိရည်မှအပ အခြား လျှော်စာရည်များကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀,၀၀၀ | ၁၅၀,၀၀၀ |
| ၂ | CS-2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၂၀၀,၀၀၀ | ၃၀၀,၀၀၀ |
| ၃ | D-1 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှုဂါလန် တစ်နေ့<br>(၅၀-၅၀၀)=၅,၀၀၀,၀၀၀<br>(၅၀၀-၁၀၀၀)=၁၀,၀၀၀,၀၀၀<br>(၁၀၀၀အထက်)=၁၅,၀၀၀,၀၀၀ | ထုတ်လုပ်မှုဂါလန် တစ်နေ့<br>(၅၀-၅၀၀)=၆,၀၀၀,၀၀၀ |
| ၄ | D-1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ထုတ်လုပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန် အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင် | ၅,၀၀၀,၀၀၀ | ၆,၀၀၀,၀၀၀ |
| ၅ | D-2 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | ၁,၀၀၀,၀၀၀ | ၁,၃၀၀,၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား (ကျပ်) | ပြင်ဆင်မည့်နှုန်းထား (ကျပ်) |
|---|---|---|---|---|
| ၆ | FL–6 | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သောနိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | ၂,၅၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |
| ၇ | FL–8 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့် လိုင်စင် | ၁၀,၀၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| ၈ | FL–9 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၁,၂၀၀,၀၀၀ | ၁,၅၀၀,၀၀၀ |
| ၉ | FL–12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့် မရှိသည့်လိုင်စင် | ၁,၅၀၀,၀၀၀ | ၂,၅၀၀,၀၀၀ |
| ၁၀ | FL–17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၂,၄၀၀,၀၀၀ | ၃,၀၀၀,၀၀၀ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၄၀/ ၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး၊ ဥပဒေနှင့် စစ်ဆင်ရေးဌာနမှ ညွှန်ကြားရေးမှူး ရဲ ၂၂၃၈ ရဲမှူးကြီး မြင့်အေး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ ဩဂုတ်လ ၂၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၅၁/ ၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ ဒုတိယညွှန်ကြားရေးမှူးချုပ် (၃) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန် ချထားလိုက်သည်-

(၁) ဦးဉာဏ်လင်းထွေး (ပ/ ၆၉၃၉) — မွန်ပြည်နယ်
ရုံးချုပ်

(၂) ဦးတိုးဝင်း (ပ/ ၄၉၃၇) — နေပြည်တော်
မွန်ပြည်နယ်

(၃) ဦးညီညီမင်း (ပ/ ၇၁၆၁) — ရုံးချုပ်
နေပြည်တော်

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

**အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up– CBU စနစ်၊ Completely Knocked

Down–CKD စနစ်နှင့် Semi–Knocked Down–SKD စနစ်တို့ဖြင့် တင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle–BEV) အမျိုးအစားများ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်–

(က) လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ် (Road tractor for Semi–trailer)၊

(ခ) ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ် (Bus) (Motor Vehicle for the transport of ten or more persons, including driver)၊

(ဂ) ကုန်တင်ယာဉ်(Truck)၊

(ဃ) လူစီးယာဉ် (Motor Vehicle for the transport of persons)၊

(င) သုံးဘီးတပ်ယာဉ် (လူစီး) (Three–wheeled vehicle for the transport of persons)၊

(စ) သုံးဘီးတပ်ယာဉ် (ကုန်တင်) (Three–wheeled vehicle for the transport of goods)၊

(ဆ) လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)၊

(ဇ) လူစီးနှစ်ဘီးတပ် လျှပ်စစ်စက်ဘီး (Electric Bicycle)၊

(ဈ) လူနာတင်ယာဉ် (Ambulance)၊

(ည) ထောင်ကား (Prison Van)၊

(ဋ) နိဗ္ဗာန်ယာဉ် (Hearse)၊

(ဌ) အပိုဒ်ခွဲ (က) မှ (ဋ) ထိပါ ဘက်ထရီလျှပ်စစ်သုံးယာဉ်များနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ–အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ (Spare Parts)။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပူးတွဲစာရင်း

Spare Parts for Battery Electric Vehicle

| Sr.No | Nomenclature | Figure | Remark |
|---|---|---|---|
| 1 | Traction Battery Pack |  | |
| 2 | Electric Traction Motor |  | |
| 3 | Battery Management System (BMS) |  | |
| 4 | Drive Control Unit (DCU) |  | |
| 5 | DC–DC Converter |  | |

Spare Parts for Battery Electric Vehicle

| Sr.No | Nomenclature | Figure | Remark |
|---|---|---|---|
| 6 | Electrical Circuit Breaker For EV or Disconnect Parts |  | |
| 7 | Charge Port |  | |
| 8 | Portable EV Charger |  | |
| 9 | On-board charger |  | |
| 10 | Power Inverter |  | |

Spare Parts for Battery Electric Vehicle

| Sr.No | Nomenclature | Figure | Remark |
|---|---|---|---|
| 11 | EV Connectors |  | |
| 12 | High Voltage Harness |  | |
| 13 | Controller |  | |
| 14 | Battery Cooling System<br>(Thermal) |  | |
| 15 | Charging Cable |  | |

Spare Parts for Battery Electric Vehicle

| Sr.No | Nomenclature | Figure | Remark |
|---|---|---|---|
| 16 | Charging Adapters |  | |

မှတ်ချက်။ – အမျိုးအစားအလိုက်ပုံများကို နမူနာအဖြစ်သာ ထည့်သွင်းထားခြင်းဖြစ်ပါသည်။

– ယာဉ်အမျိုးအစားထုတ်လုပ်သည့် Manufacturer ၏ Design နှင့်တိုးတက်ပြောင်းလဲလာမည့် နည်းပညာအပေါ် မူတည်၍ နမူနာပြပစ္စည်းပုံများသည် ပြောင်းလဲမှုရှိနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

**ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ လားရှိုးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဒုတိယညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးမျိုးနိုင် အား ညွှန်ကြားရေးမှူး (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထား၍ မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၈)၊ ညွှန်ကြားရေးမှူးရုံးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၅)**

**ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကိမိလဗေဒဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ ဇော်လင်းမျိုးထွန်း အား ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားပြီး သတ္တဗေဒဌာနသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၅)**

**ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ အေးမိုးစံ အား ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၅)**

**ဒေသပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်း**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (တိုက်ကြီးမြို့) မှ ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီး ဦးကျော်ထင် အား ရုံးချုပ်၊ စီမံရေးရာဌာနခွဲသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စက်မှုသီးနှံစိုက်ပျိုးပညာပေးရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးဇော်ထွန်းမြင့် အား ၂၀၂၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁** အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်အဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမီဒီယာများ၊ ပြည်သူလူထုမှ သိရှိရန်လိုအပ်သည့် အချက်အလက်များနှင့်ပတ်သက်၍ အသိပေးခြင်းနှင့် မေးမြန်းချက်များအား ဖြေကြားခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်အဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒေါက်တာ ဝင်းထွဋ် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(ခ) ဒေါက်တာ ရဲတင့်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

(ဂ) ဒေါက်တာ အောင်ဇံထွေး — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန် (စီမံ)

(ဃ) ဦးလှထွန်း — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန် (ဘဏ္ဍာရေး)

(င) ဒေါက်တာ ထွန်းလွင် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန် (ခွဲ-၅)

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊

(ခ) ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်သုံးသပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကြိုတင်ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း/ ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများ၊ ပြည်သူလူထုမှ သိရှိရန်လိုအပ်သည့် မေးခွန်းများ၊ မေးမြန်းလာသည့်ကိစ္စရပ်များအား ဖြေကြားခြင်း၊

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်အဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ အထောက်အကူပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

၃။ ယခင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၀၂/၂၀၁၇ အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/ ၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

**ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါ်ခင်မာဦး အား ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁** အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/ ၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ ရေအားလျှပ်စစ်ဌာနခွဲ (၁)၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (လျှပ်စစ်) ဦးကျော်နိုင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ စက်တင်ဘာလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၀၂၃/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (ရုံးအမှတ်-၁၉) ၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ တာဝန်ခံအရာရှိရုံး၊ သပိတ်ကျင်း မြို့နယ်မှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝမ်း ကို ဒုတိယအထွေထွေမန်နေဂျာရုံး (ထားဝယ်) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀- ၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ခင်မောင်ရီ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ၏ အတည်ပြုဆုံးဖြတ်ချက်အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေးရာဦးစီးဌာနမှလစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုကိုလွင် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)၊ ဓာတ်အားဖြန့်ဖြူးရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းတူ အင်ဂျင်နီယာမှူးကြီးရာထူးဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

ဉာဏ်ထွန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ ဦးစီးမှူးနှင့် လစာနှုန်းတူ အမှုထမ်း (၁၅) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်ဝါဝါနွယ် | ၈/ပဖန (နိုင်) ၀၀၁၇၀၁ |
| (ခ) | ဦးအောင်လွင် | ၁၄/ဒဒရ (နိုင်) ၀၀၂၈၈၀ |
| (ဂ) | ဦးမျိုးအောင် | ၁၃/မပတ (နိုင်) ၀၂၁၇၁၂ |

| | | |
|---|---|---|
| (ဃ) | ဒေါ်မေဝင်းလှိုင် | ၁/မကန (နိုင်) ၁၁၆၆၁၅ |
| (င) | ဦးရဲမင်းသိန်း | ၈/မဘန (နိုင်) ဝ၅၉၃၂၄ |
| (စ) | ဦးဇော်ဦး | ၁၀/ဘလန (နိုင်) ဝ၄၉၃ဝ၅ |
| (ဆ) | ဦးကျော်ခိုင် | ၉/ပဘန (နိုင်) ဝဝဝ၈၅၂ |
| (ဇ) | ဦးမြင့်အောင် | ၁၄/မအန (နိုင်) ဝ၁၂၈၄၈ |
| (ဈ) | ဒေါ်ခင်ဆွေဝင်း | ၇/နတလ (နိုင်) ဝဝဝ၆ဝ၃ |
| (ည) | ဒေါ်တင်ဇာမျိုး | ၉/မဟမ (နိုင်) ဝဝ၂၃၁၇ |
| (ဋ) | ဒေါ်ဝင်းဝင်းသန်း | ၅/ရဘန (နိုင်) ဝဝ၃၄၉၉ |
| (ဌ) | ဦးအောင်ဌေး | ၁၄/ပသန (နိုင်) ၁၆၇ဝ၄၁ |
| (ဍ) | ဦးတင်ဇော်ထွေး | ၉/မခန (နိုင်) ဝဝဝ၈၄၈ |
| (ဎ) | ဒေါ်ဝါဝါလွင် | ၇/ပခန (နိုင်) ဝ၇၉၇၃၃ |
| (ဏ) | ဦးကိုကိုစိုး | ၁/မကတ (နိုင်) ဝ၃၃၄၅ဝ |

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (ဝ၈၉/၂ဝ၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂ဝ၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်စိုးသူအား ၂ဝ၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ၂ဝ၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ရုံးတွင်းအမိန့်**

အမှတ် ၀၂၃။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပုသိမ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက် အား အဆိုပါတက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်ကို စတုတ္ထအကြိမ်ပြင်ဆင်သည့်အမိန့်**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့် အပိုဒ် ၈၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ နှင့် အပိုဒ် ၁၅ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ စီးကရက်ဘူးကို ပုံနှိပ်ဖော်ပြရာတွင် အပိုဒ် ၅ ပါ သတ်မှတ်ချက်များနှင့်အညီ ပုံနှိပ်ဖော်ပြရမည်ဖြစ်ပြီး ယင်းသို့ပုံနှိပ်ဖော်ပြရာတွင်-

(က) ရှေ့မျက်နှာပြင်ရှိကျန်းမာရေးသတိပေးရုပ်ပုံသည်လည်းကောင်း၊ ယင်းရုပ်ပုံနှင့်တွဲလျက်ပါရှိသော သတိပေးစာသားအပါအဝင် ကျန်သတိပေးစာသားများသည်လည်းကောင်း စီးကရက်ဘူးကို ဖွင့်ခြင်းကြောင့်ဖြစ်စေ၊ ပိတ်ခြင်းကြောင့်ဖြစ်စေ ပျက်သွားခြင်း၊ ပြတ်ထွက်သွားခြင်းမရှိစေရ၊ စီးကရက်ဘူး၏ အဖုံးသည် စီးကရက်ဘူး၏ အပေါ်ပိုင်း ၂၅% ထက်ကျော်လွန်၍ဖြစ်စေ၊ လျှော့၍ဖြစ်စေ ဖုံးအုပ်ခြင်းမရှိစေရ-

**ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသား ၇၅% (ကျန်းမာရေးသတိပေးရုပ်ပုံ ၅၀% + စာသား ၂၅%)**




(ခ) အပေါ်မျက်နှာပြင်၊ အောက်မျက်နှာပြင်၊ ဘယ်ဘက်ဘေးမျက်နှာပြင်နှင့် ညာဘက်ဘေးမျက်နှာပြင်တို့တွင် ပုံနှိပ်ဖော်ပြရမည့် သတိပေးစာသားများ၊ အချက်အလက်များကို အပိုဒ် ၅ ပါ သတ်မှတ်ချက်များအတိုင်း ပုံနှိပ်ဖော်ပြရာတွင် အောက်ပါပုံများအတိုင်း ပုံနှိပ်ဖော်ပြရမည်-




အောက်မျက်နှာပြင်



(ဂ) စီးကရက်ဘူး၏ အတွင်းခံစက္ကူ (Lining) သည် မျက်နှာပြင်တစ်ဖက်တွင် ပါးလွှာသော ငွေရောင်သတ္တုဖြင့် ဖုံးအုပ်ထားသည့် အဖြူရောင်စက္ကူဖြစ်ရမည်။ ထို့ပြင် ထိုငွေရောင်သတ္တု၏ ကျန်ရှိမည့် အစိတ်အပိုင်းတွင်ဖြစ်စေ၊ ဖယ်ရှားမည့်အစိတ်အပိုင်းတွင်ဖြစ်စေ မည်သည့် စာသား၊ သင်္ကေတ၊ အမှတ်အသား စသည်တို့ကို ရိုက်နှိပ်ဖော်ပြခြင်း၊ ပုံဖော်ခြင်း၊ ရောင်ပြန်ဖြင့် ဖော်ပြခြင်း မပြုရ။

(ဃ) စီးကရက်ဘူး၏အတွင်းကော်လာ (Collar) အရောင်သည် အရောင်မတောက်သော မွဲခြောက်ခြောက် အရောင် (Pantone 448 C) ဖြစ်ရမည်။ အတွင်းကော်လာပေါ်တွင် ကုန်အမှတ်တံဆိပ်၊ လိုဂို၊ ကုန်ပစ္စည်းပုံဒီဇိုင်း၊ အမှတ်အသား၊ စာတန်းများရိုက်နှိပ်ဖော်ပြခြင်း၊ ပုံဖော်ခြင်း၊ ရောင်ပြန်ဖြင့်ပုံဖော်ခြင်း၊ အတွင်းကော်လာကို ချိုင့်အောင်ပြုလုပ်ထားခြင်း သို့မဟုတ် ဖောင်းကြွပြုလုပ်ထားခြင်း၊ ဒီဇိုင်းဖော်ထားခြင်းမပြုရ။

(င) စီးကရက်ဘူးတစ်ဘူးချင်းအား ဖုံးအုပ်ထုပ်ပိုးထားသောပလတ်စတစ်အားခွာရန် တိပ် (Tear Tape) ပါရှိပါက ၎င်းတိပ် (Tear Tape) သည် တစ်ခုလုံး အနက်ရောင် သို့မဟုတ် အရောင်မရှိသော ဖောက်ထွင်းမြင်ရသည့်ပစ္စည်းဖြစ်ရမည်။ တိပ်ပြား၏အကျယ်သည် ၃ မီလီမီတာထက် မပိုရ။ တိပ် (Tape) ပေါ်တွင် မည်သည့်စာ၊ မည်သည့်အမှတ်တံဆိပ်ကိုမျှ ဖော်ပြခြင်းမပြုရ။

၁၂။ ပြည်တွင်းတွင် လက်လီရောင်းချသော ဆေးလိပ်ထုပ်များကို အပိုဒ် ၄ မှ ၁၁ အထိ ဖော်ပြထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ပုံနှိပ်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) နောက်ဆက်တွဲတွင်ဖော်ပြပါရှိသော ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများတစ်မျိုးစီတိုင်းကို ဆေးလိပ်ထုပ်သေးများတွင် တစ်ပြိုင်နက်တည်း အသုံးပြုဖော်ပြရမည်။

(ခ) နောက်ဆက်တွဲပါ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သုံးနှစ်တစ်ကြိမ် ပြောင်းလဲသတ်မှတ်ပေးသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်။

(ဂ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းပြုသူ မည်သူမဆို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သတ်မှတ်သည့်ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများအတိုင်း ပုံနှိပ်ဖော်ပြရမည်။

(ဃ) မျိုးကွဲအမည် (Variant names) များရှိပါက မျိုးကွဲအလိုက် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို ကွဲပြားစွာဖော်ပြပေးရမည်။

၁၃။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတင်သွင်းသူ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူနှင့် ရောင်းချသူတို့သည်-

(က) အပိုဒ် ၅၊ အပိုဒ်ခွဲ (ဠ) နှင့် (ဋ) တို့တွင် ဖော်ပြထားသည့်အတိုင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများကို အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်းသဘောဆောင်သည့်အရာများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းရိုက်နှိပ်ဖော်ပြခြင်းလုံးဝမပြုလုပ်ရ။

(ခ) ဆေးလိပ်ထုပ်ပေါ်တွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်မှုမရှိသည့်သဘောသက်ရောက် သည့်စာသား (ဥပမာ - **"Low tar", "Light", "ultra-light", "mild", "cool", "Special", "full flavor", "premium", "rich", "famous", "slim", "safe" စသည်**)၊ ရုပ်ပုံနှင့်

အမှတ်အသားများကိုဖြစ်စေ၊ အလားတူအဓိပ္ပာယ်သက်ဝင်စေသော ဖော်ပြချက်ကိုဖြစ်စေ၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ဖြင့်ဖြစ်စေ ဖော်ပြခြင်းမပြုရ။

(ဂ) ပါဝင်သည့်ပစ္စည်းအမျိုးအစားနှင့် ပမာဏတို့ကို ထည့်သွင်းဖော်ပြပြီး **"သုံးစွဲသူများအတွက် အန္တရာယ်ပိုကင်းသည်၊ အကျိုးရှိသည်"** ဟုအဓိပ္ပာယ်သက်ရောက်စေသည့် စာသား၊ အမှတ်အသား၊ ဂဏန်းသင်္ကေတနှင့် အခြားဖော်ပြခြင်းများ မပြုရ။

(ဃ) သက်တမ်းကုန်းဆုံးသည့်ရက်စွဲကို ဖော်ပြခြင်းမပြုရ။

၁၅။ ဈေးကွက်အတွင်းရှိ ဤအမိန့်နှင့်မလျော်ညီသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအား ဤအမိန့်စတင်အာဏာတည်သည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အထိသာ ဆက်လက်ရောင်းချခွင့်ရှိသည်။"

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးစိန်ဝင်း အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျန်းမာရေးဝန်ကြီးဌာန၏ဥပဒေအကြံပေးအဖြစ် လစဉ်ချီးမြှင့်ငွေ (၅၀၀,၀၀၀/-) ဖြင့် ပထမအကြိမ် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

### အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်ပိုင်ပစ္စည်းများ ပြန်လည်ဆယ်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း

၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သည့် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်ပစ္စည်းများအား ပြန်လည်ဆယ်တင်နိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိ

စေရေးတို့အတွက် အဆိုပါနိုင်ငံတော်ပိုင်ပစ္စည်းများကို ကောင်းမွန်စွာ ပြန်လည်သုံးစွဲနိုင်၊ ပြုပြင်သုံးစွဲနိုင်၊ ပြုပြင်သုံးစွဲ၍မရကောင်း၊ သင့်၊ ညံ့ အမျိုးအစား (၃) မျိုးခွဲ၍ လုံခြုံစိတ်ချရသည့်နေရာများတွင် သိမ်းဆည်းနိုင်ရေး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်ပိုင်ပစ္စည်းများ ပြန်လည်ဆယ်တင်ရေးကော်မတီအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(၁) ဦးထိန်လင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၂) ဦးဇင်မင်းထက် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၃) ဦးမျိုးကျော်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုဝန်ကြီးရုံး

(၄) ဦးထွန်းမြင့်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(၅) ဦးကျော်စိုးမိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူငယ်ရေးရာဦးစီးဌာန

(၆) ဦးကျော်ဆန်း — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(၇) ဦးကျော်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (၁)
အားကစားနှင့် ကာယပညာဦးစီးဌာန

(၈) ဦးကျော်ဆန်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (၂)
အားကစားနှင့် ကာယပညာဦးစီးဌာန

(၉) ဦးလှမင်းထွန်း — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(၁၀) ဒေါ်နှင်းစန္ဒာဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

(၁၁) ဦးမင်းမင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

(၁၂) ဦးစန်းချို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

(၁၃) ဦးလှိုင်ငွေအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူငယ်ရေးရာဦးစီးဌာန

(၁၄) ဦးကျော်ဇင်မိုး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (၃)
အားကစားနှင့် ကာယပညာဦးစီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသို့ အမှာစာများ အချိန်မီတင်ပြနိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးထိန်လင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၂) ဦးဇင်မင်းထက် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၃) ဦးမျိုးကျော်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုဝန်ကြီးရုံး

(၄) ဦးထွန်းမြင့်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(၅) ဦးကျော်စိုးမိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူငယ်ရေးရာဦးစီးဌာန

(၆) ဦးကျော်ဆန်း — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(၇) ဦးကျော်ဆန်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (၂)
အားကစားနှင့် ကာယပညာဦးစီးဌာန

(၈) ဦးကျော်ဦး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (၁)
အားကစားနှင့် ကာယပညာဦးစီးဌာန

(၉) ဦးမင်းသော်အေး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
လူငယ်ရေးရာဦးစီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/ ၂၀၂၅)**

၂၀၂၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင်

တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ လက်ထောက်အတွင်းဝန် ဦးဇော်စိုး အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ သတင်းပြန်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲရှိ လစ်လပ်လျက်ရှိသော လစာနှုန်းတူ ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

Jeng Phang နော်တောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄) ရန်ကုန်မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၈၁၃ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းနိုင် အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) (တည်ဆောက်ရေး) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု)မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၂၆၇ ဒုတိယညွှန်ကြားရေးမှူး (စက်မှု) ဦးနေမိုးနိုင် အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု)တွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊

ညွှန်ကြားရေးမှူး (စက်မှု) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆလက/၄၄၁၆၀ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်) ဦးရန်နိုင်အောင် အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (လျှပ်စစ်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်)

**မြေငလျင်ဒဏ်သင့်အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှု**

**စစ်ဆေးရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ပျက်စီးသွားသည့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **မြေငလျင်ဒဏ်သင့်အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | နာယက |
| (ခ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |

(ဂ) မြို့တော်ဝန် အဖွဲ့ဝင်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃ) ဦးခင်မောင်လတ်၊ ကောင်စီဝင် အဖွဲ့ဝင်

နေပြည်တော်ကောင်စီ

(င) လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အဖွဲ့ဝင်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်

ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(ဈ) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(ည) ဥက္ကဋ္ဌ အဖွဲ့ဝင်

အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး

စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့

(ဋ) ဒေါက်တာ ဉာဏ်မြင့်ကျော် အဖွဲ့ဝင်

ပါမောက္ခဌာနမှူး

ရန်ကုန်နည်းပညာတက္ကသိုလ်

(ဌ) ဦးညွန့်မောင်စန်း အဖွဲ့ဝင်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံလျှော်ကော်မတီ

(ဍ) ဦးစောထွေးဇော် အဖွဲ့ဝင်

ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံလျှော်ကော်မတီ

(ဃ) ဒေါက်တာ ယုမောင် — အဖွဲ့ဝင်
မြန်မာနိုင်ငံလျှင်ကော်မတီ

(ဈ) ဦးလှဘော် — အဖွဲ့ဝင်
သဘာဝဘေးကော်မတီ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(တ) ဦးစန်းကြူ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(ထ) ဦးကြည်စိုး — အဖွဲ့ဝင်
Special Project Committee

(ဒ) ဦးငွေးဦး — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး-၂
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(ဓ) ဒေါ်ဝင်းမွန်မွန်လွင် — အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူးချုပ်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(န) ဒေါ်မြမြဝင်း — အဖွဲ့ဝင်
အတွင်းရေးမှူး
အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး
စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့

(ပ) ဦးဝေရာအောင် — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံလျှင်ကော်မတီ

(ဖ) ဦးချမ်းအေး — အဖွဲ့ဝင်
ပြင်ပပညာရှင်

(ဗ) ဦးထင်အောင် — အဖွဲ့ဝင်
ပြင်ပပညာရှင်

(ဘ) ဦးသူရနိုင် — အဖွဲ့ဝင်
ပြင်ပပညာရှင်

( မ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အဆောက်အဦဦးစီးဌာန

၂။ မြေငလျင်ဒဏ်သင့် အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြေငလျင်ဒဏ်သင့် အဆောက်အဦများအား ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးနိုင်ရေး ဆောင်ရွက်သွားရန်၊

( ခ ) မြေငလျင်ဒဏ်သင့် အဆောက်အဦများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို စံနှုန်းများနှင့်အညီ စနစ်တကျ စစ်ဆေး၍ အဆင့်သတ်မှတ်ချက် ထုတ်ပြန်ပေးရန်၊

( ဂ ) လိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ကင်းရှင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း၍ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦတည်ဆောက်ရေးအဖွဲ့ (၁) မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၄၈၀ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုအေး အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ပုံထုတ်–ခန့်မှန်းသုတေသနဌာနခွဲတွင် လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၆၄/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ရုံးအဆောက်အအုံများ၊ နိုင်ငံပိုင်အိမ်ရာ အဆောက်အအုံများနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေး၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ ထိခိုက်မှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ကြိုတင်ကာကွယ်ရေးနှင့် အထက်အကြီးအကဲများ၏ လမ်းညွှန်မှုများအား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း၊

( ခ ) သဘာဝဘေးကြုံတွေ့နေစဉ်တွင် ဌာနတွင်းအင်အားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

( ဂ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဝန်ထမ်းများအား ကူညီထောက်ပံ့နိုင်ရေး၊ ဝန်ထမ်းများနေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းနိုင်ရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းများ တင်ပြနိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများလုပ်ငန်းခွင်မပျက်ဆောင်ရွက်နိုင်ရေး စသည်တို့ကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းပေးခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဃ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သော ကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူဝါဒများ ချမှတ်ပေးခြင်း၊

( င ) ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်နှင့်လိုအပ်သော အရင်းအမြစ်များအတွက် စီမံခန့်ခွဲခြင်းနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြဆောင်ရွက်စေခြင်း၊

( စ ) သဘာဝဘေးသင့်သူများအတွက် လိုအပ်သော လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ညှိနှိုင်းဖော်ဆောင်ပေးခြင်း၊

(ဆ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( ဇ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ ပေါင်းစပ်၍ လုပ်ငန်းအစီအမံများတင်ပြမှုအပေါ် စိစစ်လမ်းညွှန်ပေးခြင်း။

၃။ ဤရုံး၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်စွဲပါ ရုံးအမိန့်အမှတ် ၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ခင်နိုင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခ (ခေတ္တပညာဌာနမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးတင်စိုး-၁ အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅) ဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၁-၉-၂၀၂၅ ရက်နေ့မှ ၂၀-၁-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၁-၁-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေး ကော်မတီ အထူးအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၃) ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာ များသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးနေကိုအောင်<br>ရုံးအုပ်<br>ဝန်ထမ်းမှတ်တမ်းဌာနခွဲ | ဦးစီးအရာရှိ<br>ဝန်ထမ်းမှတ်တမ်းဌာနခွဲ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၂) | ဦးအောင်ဇော်မင်း<br>ရုံးအုပ်<br>ဝန်ထမ်းမှတ်တမ်းဌာနခွဲ | ဦးစီးအရာရှိ<br>ဝန်ထမ်းမှတ်တမ်းဌာနခွဲ |
| (၃) | ဦးသန်းဌေးအောင်<br>ရုံးအုပ်<br>ဝန်ထမ်းမှတ်တမ်းဌာနခွဲ | ဦးစီးအရာရှိ<br>ဝန်ထမ်းမှတ်တမ်းဌာနခွဲ |

## အမိန့်ကြော်ငြာစာအမှတ် (၂၂/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၂)/ ၈/ ကောင်စီရုံးအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှအောင် အား ဝန်ထမ်းရေးရာဦးစီးဌာန၏ ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

အောင်သော်

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၄/ ၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ-၀၃၄၈

ဒေါ်ခင်စောနွယ် ၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ၁၆-၅-၂၀၂၅ ရက်နေ့မှ ၁၅-၉-၂၀၂၅ ရက်နေ့ထိ (၄) လကို ၂၁-၂-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ကော်မတီဝင်များ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) ဆုံးဖြတ်ချက်အမှတ် ၅။ (ယ) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၁၆-၉-၂၀၂၅ ရက်နေ့မှ ၁၅-၁-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၁၆-၁-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ဌေး

ဥက္ကဋ္ဌ (မြို့တော်ဝန်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မွန်ပြည်နယ်အစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

### မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၄၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာ မှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်အရ **မွန်ပြည်နယ်တရားစီရင်ရေး ဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးတိုးဝင်း | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ယာယီရဲမှူးကြီး<br>ဉာဏ်ဝင်း | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( ဂ ) | ဦးဇော်မျိုးအောင် | ညွှန်ကြားရေးမှူး<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခိုင်ခိုင်မျိုး | ပြည်နယ်တရားရေးဦးစီးမှူး<br>ပြည်နယ်တရားရေးဦးစီးမှူးရုံး | အဖွဲ့ဝင် |
| ( င ) | ဒေါ်မိုးနှင်းလွင် | ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ( စ ) | ဦးရဲရင့်ထွန်း | ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဆိုင်ရာပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးဟိဏ်းလင်းထက် | ပြည်နယ်ရွေးကောက်ပွဲအရာရှိ<br>ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | အဖွဲ့ဝင် |

၂။ မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် တရားရုံးများတွင် စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတမှုရှိစွာဖြင့် မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်နိုင်ရေး မိမိတို့၏ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ရာတွင် အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ဝင်အချင်းချင်းချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများ မှန်ကန်၊ မြန်ဆန်စွာပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တရားရုံးများ ရုံးချိန်းအတွင်း အပြည့်အဝရုံးထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

( ခ ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာတင်ပြစေရန် ကြပ်မတ်ခြင်း၊

( ဂ ) တရားရုံးကဆင့်ဆိုသည့် သက်သေများ ရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက်သမ္မန်စာများ စနစ်တကျဆင့်ဆိုအတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျအတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့ တင်ပို့ရန်ကြပ်မတ်ခြင်း၊

( င ) အချုပ်တရားခံများ အချိန်မီရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

( စ ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့်သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏စစ်ဆေးစီရင်ခြင်းကိုမထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း၊

( ဇ ) မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးအား နှစ်ပတ်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်း၊

(ဈ) မွန်ပြည်နယ်အဆင့်တွင် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရာ၌ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့သို့တင်ပြ၍ ဆောင်ရွက်ပေးခြင်း။

၄။ မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား နှစ်ပတ် တစ်ကြိမ် တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့သို့ တင်ပြရမည်။

၅။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော **မွန်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့** အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ကြည်သိန်း

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၁၂၃/ ၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

**ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁၀၀/ ၅-၁၅ (၅၅၂)/ ရေး ၁ (အထဥ) ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေဝင်း (ပ/ ၅၅၀၄) အား ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားခဲ့ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်အောင် | ပြည်နယ်ဝန်ကြီးချုပ် |
| (၂) | ဗိုလ်မှူးကြီး စိန်ဝင်း | ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (၃) | ဦးခွန်သိန်းမောင် | ပြည်နယ်စီးပွားရေးရာဝန်ကြီး |
| (၄) | ဦးစိုင်းလိတ် | ပြည်နယ်သယံဇာတရေးရာဝန်ကြီး |
| (၅) | ဦးမင်းမင်းလွင် | ပြည်နယ်လူမှုရေးရာဝန်ကြီး |
| (၆) | ဦးနေဝင်းအောင် | ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (၇) | ဦးအောင်ကြည်ဝင်း | ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး |
| (၈) | ဦးစိုင်းကျော်ဇံ | ပြည်နယ်ဥပဒေချုပ် |
| (၉) | ဦးသန်းဆွေဝင်း<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

အောင်အောင်

ပြည်နယ်ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်<br>(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၇၀/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | အောင်နိုင်ဝင်း | ကြည်း | ၈၁၃၄၉ | ၂၈–၁၀–၂၀၂၄ |
| (၂) | စောယဉ်မောင်သိန်း | ကြည်း | ၈၁၃၅၀ | ၁၅–၃–၂၀၂၅ |

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

အမှတ် ၇၁/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| မျိုးသန့် | ကြည်း | ၈၁၃၅၁ |

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမှတ် ၇၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဘုန်းကျော် ကြည်း ၈၁၃၅၂

အမှတ် ၇၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | လှမင်း | ကြည်း | ၈၁၃၅၃ | ၂၆–၄–၂၀၂၅ |
| (၂) | ကိုကိုသက် | ကြည်း | ၈၁၃၅၄ | ၂၇–၄–၂၀၂၅ |
| (၃) | အောင်ဆန်းမြင့် | ကြည်း | ၈၁၃၅၅ | ၂၈–၄–၂၀၂၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၇/ ၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၉၇–ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (F– ၁၅၅/၃၉၀ ) ရှိ **မြေဧရိယာ ၀.၆၉ ဧက** အား **မဏိရတနာရေကန်မြေ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၈/ ၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၇၇-သောတာပန်မြောက်)၊ မြေကွက်အမှတ် (F- $\frac{၃၅}{၃၈၅}$ ) ရှိ **မြေဧရိယာ ၀.၃၀ ဧက** အား **ကံဦးမဏိရတနာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၁၂/၈၊ စီတာပူတောင်)၊ ဦးပိုင်အမှတ် (၁) ရှိ **မြေဧရိယာ ၁၉.၂၆၀ ဧက** အား **မနောင်ကွင်း (မြစ်ကြီးနားမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၅)

ရှမ်းပြည်နယ်၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၊ အမှတ် (၄) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၄၂/ ဘုရားကြီးရပ်)၊ ဦးပိုင်အမှတ် (၄-ဇ) ရှိ **မြေဧရိယာ ၀.၅၀၂ ဧက** အား **မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# စီမံကိန်းဦးစီးဌာန

## ရုံးအမိန့်စာအမှတ် (၈၄/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဦး အား ၅-၅-၂၀၂၅ ရက်နေ့မှ ၄-၉-၂၀၂၅ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူ

အကျိုးငှာ ငြင်းပယ်လိုက်ပြီး ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၅-၉-၂၀၂၅ ရက်နေ့မှ ၄-၁-၂၀၂၆ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၅-၁-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၂။ ဤအမိန့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၂၅ အရ ထုတ်ပြန်ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
ကျော်သူနိုင်၊ ညွှန်ကြားရေးမှူး
စီမံကိန်းဦးစီးဌာန

## အားကစားနှင့် ကာယပညာဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၃၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ပေးခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် (အစမ်းခန့်) ကနဦးလစာ (၂၇၅,၀၀၀/-) နှုန်းဖြင့် ခန့်အပ်ထားသော အောက်ဖော်ပြပါ အားကစားမှူး (၅) ဦးတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သော အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၃) သို့ သင်တန်းပြီးဆုံးအောင်မြင်ခဲ့ပါသဖြင့် အားကစားမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်ပြီး ယှဉ်တွဲဖော်ပြပါ ဌာနခွဲ/ ဒေသများတွင် တာဝန်ထမ်းဆောင် စေလိုက်သည်-

| စဉ် | အမည် | တာဝန်ပေးအပ်သည့် ဌာနခွဲ၊ ဒေသ |
|---|---|---|
| (၁) | ဦးအောင်ထက်နိုင် | အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲ |
| (၂) | ဒေါ်စုဝတီမြွေး | အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲ |
| (၃) | ဦးစိုးသူရထွန်း | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် |
| (၄) | ဒေါ်သဥ္ဇာမျိုးထက် | ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် |
| (၅) | ဦးတင်ထွန်း | ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ် |

ထွန်းမြင့်ဦး
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### MYA HTIKE COMPANY LIMITED

### လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကျွန်တော်၏ MYA HTIKE COMPANY LIMITED အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် –၁၂/မဂတ (နိုင်) ဝ၃၆၄၇၉] B.A, CPA, R.A, I.C.M.A, PART II (LONDON) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တောင်းခံနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Kyaw Soe Min | KYAWT MG |
| Managing Director | B.A, CPA, R.A, I.C.M.A, PART II (LONDON) |
| Mya Htike Company Limited | Certified Public Accountant & Auditor |

## I-CALL ELECTRONICS COMPANY LIMITED

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ ကုမ္ပဏီကို

## ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကျွန်တော်၏ I-CALL ELECTRONICS COMPANY LIMITED အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -၁၂/မဂတ (နိုင်) ၀၃၆၄၇၉] B.A, CPA, R.A, I.C.M.A, PART II (LONDON) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တောင်းခံနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| LWIN OO @ AUNG LWIN OO | KYAWT MG |
| MANAGING DIRECTOR | B.A, CPA, R.A, I.C.M.A, PART II (LONDON) |
| I-CALL ELECTRONICS COMPANY LIMITED | Certified Public Accountant & Auditor |